

ဘာသာပြန် စာရေးဆရာ - ညီညီစိုး

# အဆုံးမဲ့ ဓားကမ္ဘာ

(ယန်ယဲ့)

(Chapter 2733-2747)

စာစဉ်-၁၈၃

# အပိုင်း ၂၇၃၃
## မူလနဂါး

*

ဝင်ပေါက်တွင် ရပ်နေသော ယန်ယွဲ့နှင့် ဓားစာလိပ်တို့ဟာ ထိတ်လန့်သွားကြသည်။

ယန်ယွဲ့က ဤရတနာများ၏တန်ဖိုးကိုသိပ်မပြီးမသိခဲ့ပေ။ သို့သော်လည်း ဓားစာလိပ်က ကောင်းကောင်း သိနေပုံရသည်။ အထူးသဖြင့် နှင်းပွင့်လေး ဆုပ်ကိုင်ထားသော ရွှေရောင်မြွေငယ်လေးကို မြင်သောအခါ သူမ၏မျက်လုံးထဲမှ အံ့အားသင့်ဟန်များပေါ်လာသည်။

ခဏနေ ။

အဲဒါက မြွေမဟုတ်ဘူး၊ ရွှေနဂါးတစ်ကောင် ပဲ။

ဓားစာလိပ်က နှင်းပွင့်လေးဆီသို့ လျှောက်သွားကာ တုန်ယင်နေသော အသံဖြင့် "နှင်း... နှင်းခဲလေး၊ ဒါကိုလွှတ်ပေးလို့ရမလား"

နှင်းပွင့်လေးသာ အရင်တိုင်းဖြစ်နေပါက အခုချက်ချင်း ဆွဲထုတ်မိနိုင်ပေသည်။

ရွှေရောင်မြွေငယ်လေးက မူလနဂါးပင်ဖြစ်သည်။ ၎င်းက ရှေးခေတ်ဦးမှ နတ်နဂါး တစ်ကောင်ပါ။

ယန်ယွဲ့၏ ရွှေရောင်ဓားပျံနှစ်ချောင်းဟာ နတ်ဘုရားတစ်ပိုင်းအဆင့် ရတနာများ ဖြစ်သည်။ သို့သော်လည်း ဓားပျံနှစ်ချောင်းဟာ မူလနဂါး၏

အကြေးခွံနှစ်ခုလောက်သာ တန်ဖိုးရှိသည်။

နှင်းပွင့်လေးက သူမ၏လက်သည်းများကိုဝှေ့ယမ်းကာ မူလနဂါးက ထွက်ပြေးချင်ကြောင်း ညွှန်ပြသည်။ သူမက ပုဆိန်ကိုမြှောက်ပြီး ရွှေနဂါးလေး၏ခေါင်းကိုချိန်ရွယ်လိုက်ရာ ချက်ချင်းငြိမ်သက်သွားလေတော့သည်။

ဓားစာလိပ် က ဘာစကားမှမပြောနိုင်တော့သလို ခံစားလိုက်ရသည်။ နှင်းပွင့်လေးက ပုဆိန်ကိုဖယ်လိုက်ပြီး ရွှေနဂါးလေးကိုယန်ယွဲ့ဆီပစ်ပေးကာ အထဲသို့ ပြန်ဝင်သွားသည်။

ယန်ယွဲ့လည်း ဘာပြောရမှန်းပင်မသိတော့ပေ။

ယန်ယွဲ့က နှင်းပွင့်အတွက် စိုးရိမ်သွားမိသည်။ နဂါးဝိညာဉ်ပုလဲနှင့်အခြားအရာများကို အမြန်သိမ်းပြီး နောက်ကနေ အမြန် လိုက်ပါသွားသည်။

ဓားစာလိပ်က မြေပြင်ပေါ်ရှိ မူလနဂါးကိုတစ်ချက်ကြည့်လိုက်ပြီး နန်းတော်ထဲသို့ ဝင်လိုက်သည်။ ဤအခိုက်အတန့်တွင် မူလနဂါးထံမှ ကြောက်မက်ဖွယ်ကောင်းသော ဖိအားများ အဆက်မပြတ်ထွက်ပေါ်လာသည်။

ဓားစာလိပ် က ရုတ်တရက် ပြောလိုက်သည် "လက်စားချေဖို့ မစဉ်းစားနဲ့။ မဟုတ်ရင် သူနင့်ကို သတ်လိမ့်မယ်"

မူလနဂါးလေးက ခဏမျှငြိမ်သက်သွားပြီးနောက် နန်းတော်အတွင်းပိုင်းသို့ တွားသွားဝင်သွားခဲ့သည်။

နန်းတော်ထဲတွင် ။

နန်းတော်သည် သိပ်ပြီးမကြီးမားလှပေ။

ခန်းမ၏အလယ်ဗဟိုတွင် ရွှေရောင်ခေါင်းတလားကြီး တစ်ခုသာ ရှိနေခဲ့သည်။ အခြားဘာမှမရှိခဲ့ပေ။

ရွှေရောင်ခေါင်းတလားက အဖုံးမပါပေ။

နှင်းပွင့်လေးက ခေါင်းတလားဘောင်ပေါ်၌ လဲလျောင်းရင်း အထဲမှအရာများကို စိုက်ကြည့်နေလေသည်။ ယန်ယဲ့ က အနားတိုးကပ်သွားပြီး ငုံ့ကြည့်လိုက်ရာ အထဲမှာ သလင်းကျောက်ပုံဆောင်ခဲ ကဲ့သို့ ကြည်လင်သော ကျောက်စိမ်းပုလင်း တစ်လုံးကိုတွေ့ရသည်။

နှင်းပွင့်လေးက ကျောက်စိမ်းပုလင်းကို ကောက်ယူလိုက်သည်။ ခဏအကြာတွင် အဖုံးကို ဖွင့်လိုက်ရာ ပုလင်းထဲမှ ပြင်းထန်သော ဝိညာဉ်စွမ်းအားများ ထွက်ပေါ်လာသည်။ ထိုအခါ ယန်ယဲ့၏ ခန္ဓာကိုယ်ထဲရှိ မူလခရမ်းရောင်စွမ်းအင်ဟာ မရှိတော့သည့်အလား ငြိမ်သက်သွားလေတော့သည်။

ဘယ်လို၊ မူလခရမ်းရောင်စွမ်းအင်က ဒီအမည်မသိ ဝိညာဉ်စွမ်းအင်ကို ရှောင်တိမ်းနေတာလား။

ယန်ယဲ့သည် သူ၏ ဆန်းကြယ်ချီစွမ်းအင်က ကျောက်စိမ်းပုလင်းထဲရှိ ဝိညာဉ်စွမ်းအင်ကို မယှဉ်နိုင်ကြောင်း ခံစားမိနေသည်။

သို့သော် ကျောက်စိမ်းပုလင်းထဲ၌ ဝိညာဉ်စွမ်းအင်အမျှင် ၇ မျှင်မျှသာရှိနေ၏။

သို့သော် ပတ်ဝန်းကျင်ရှိ စွမ်းအင်များသည် သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားခဲ့သည်။ အင်ပါယာအရှင် ကြွရောက်လာသဖြင့် သာမန်လူများ ဘေးဖယ်ထားရသလိုပင်။

နှင်းပွင့်လေး၏ မျက်လုံးများက ၎င်းကိုမြင်လိုက်သောအခါ ချက်ချင်းတောက်ပလာပြီး နှုတ်ခမ်းများကို အလိုလို နမ်းရှုံ့လိုက်သည်။

"ထာဝရစွမ်းအင်" ဓားစာလိပ် က ရုတ်တရက် ပြောလိုက်သည်။

ယန်ယဲ့က သူမကိုစိုက်ကြည့်နေသည်။ ဓားစာလိပ်က နှင်းပွင့်လေး ဆုပ်ကိုင်ထားသည့် ကျောက်စိမ်းပုလင်းကို စိုက်ကြည့်ရင်း "ဒါက မ ရေတွက်နိုင်တဲ့ ပညာရှင်တွေကို ရူးသွပ်သွားစေနိုင်တဲ့ ထာဝရစွမ်းအင်ပဲ၏ နောက်ဆုံးတော့ မြောက်ပိုင်းဓားဂိုဏ်းကြီး ဘယ်လို ပျက်သုဉ်းသွားတယ် ဆိုတာ ငါသိသွားပြီ"

ယန်ယဲ့ က "အဲဒါကြောင့်ပဲလား"

ဓားစာလိပ် က ခေါင်းညိတ်ပြသည် "ဖြစ်သင့်တယ်။ ထာဝရစကြဝဠာ မှာ ထာဝရစွမ်းအင်ရှိတယ်။ ဒီနေရာမှာရှိတဲ့ လူတွေက ထာဝရစကြဝဠာ မှာ တောင် ထာဝရစွမ်းအင်က အရမ်းရှားပါးတယ်ဆိုတာမသိကြဘူး။ အခုလို ထာဝရစွမ်းအင်မျိုးစေ့ က ပိုတောင်ရှားပါးသေးတယ်"

"ထာဝရမျိုးစေ့ လား" ယန်ယဲ့က အံ့သြသွားပြီး "မင်းဘာကိုဆိုလိုတာလဲ"

ဓားစာလိပ်က "ဒါဟာ မီးတောက်နဲ့တူတယ်။ နင့်မှာ မီးစရှိမှ အဆုံးမဲ့ မီးတောက်ကို အကြာကြီးရှို့ထားနိုင်မှာ။ အဲဒါမရှိရင် နင်ရှို့ထားတဲ့မီးက မီးမငြိမ်းမချင်းပဲ ကြာမယ်။ ဝိညာဉ်စွမ်းအင်အတွက်လည်း အတူတူပါပဲ။ နင့်ရဲ့ မူလခရမ်းရောင်စွမ်းအင်လိုပဲ။ တစ်စုံတစ်ယောက်ကို စွမ်းအင်တစ်မျှင် ပေးလိုက်ရင် အဲဒီလူကစုပ်ယူပြီးတာနဲ့ ပျောက်ကွယ်သွားလိမ့်မယ်။ ဒါပေမဲ့ အဲဒီလူကို မူလစေတီပေးလိုက်ရင်တော့ အဆုံးမရှိတဲ့ မူလခရမ်းရောင် စွမ်းအင်တွေ စုပ်ယူနိုင်မယ်။ မူလစေတီက နင့်အတွက် ဝိညာဉ်မျိုးစေ့နဲ့တူ တယ်။ သေချာတာကတော့ မူလခရမ်းရောင်စွမ်းအင်ကို ဖန်တီးဖို့ မလိုအပ် တော့ဘူး"

သူမက ခဏရပ်ပြီး ဆက်ပြောလိုက်သည်

"သီအိုရီအရ ဒါကလည်း ဖြစ်နိုင်တယ်။

ဒီထာဝရစွမ်းအင်က မျိုးစေ့ကြိုးမျှင်ပဲဆိုတော့ အရမ်းရှားပါးတယ်။ အဲဒါကို စုပ်ယူရတာတောင် ခက်ခဲတယ်။ တကယ်လို့ အောင်မြင်ရင်တော့ ဂုဏ်ယူပါတယ်၊ နင်က ကြီးမြတ်တဲ့ ထာဝရစွမ်းအင်ကို ကျင့်ကြံနိုင်ပြီ"

ယန်ယဲ့ က "ထာဝရစွမ်းအင်က ဘာလုပ်နိုင်သလဲ" ဟု မေးလိုက်သည်။

ဓားစာလိပ် က "နင့်ရဲ့ ကျင့်ကြံမှုအရှိန်နဲ့ ခန္ဓာကိုယ်ကို ပြောင်းလဲပစ်နိုင်တယ်။ နင့်ရဲ့စိတ်ဝိညာဉ် နဲ့ပတ်သက်ရင်တော့ အသုံးဝင်တာတွေ အများကြီးရှိတယ်... ဟုတ်ပါတယ်၊ အဓိက အကျိုးကျေးဇူးက သက်တမ်းကို အလိုလို တိုးပေးတာပဲ။ နောင်မှာ နင်က ကျင့်ကြံရင်းနဲ့ သက်တမ်းထက် ရတနာတွေက ပိုအရေးကြီးတာ သဘောပေါက်လာလိမ့်မယ်။ တိုးတက်မှုတိုင်းပ ကံကြမ္မာရဲ့ ဒုက္ခကပ်ဘေးတွေကို အောင်အောင်မြင်မြင်နဲ့ ဖြတ်ကျော်ဖို့လိုသေးတယ်။ ဒါပေမဲ့ မကျော်ဖြတ်နိုင်ရင်တော့..."

"မကျော်ဖြတ်နိုင်ရင် တစ်သက်လုံး ရှုံးနိမ့်သွားမှာလား" ယန်ယဲ့က အံ့သြသွားပြီး "ဒါဆိုရင် အဲဒီအစားမင်းရဲ့ သက်တမ်းကို မတိုးသင့်ဘူးလား"

ဓားစာလိပ် က ခေါင်းကို ခါလိုက်ပြီး "ဒါက နင်ဟာ ကံကြမ္မာကို ခြိမ်းခြောက်တာ မဟုတ်ဘူး။ ဒါပေမဲ့ နင်က ကံကြမ္မာကို ခြိမ်းခြောက်နိုင်တဲ့ အဆင့်တစ်ခုရောက်တဲ့အခါ နင့်ကို အာရုံစိုက်လာလိမ့်မယ်။ အဲဒီအချိန်မှာ နင့်ကို တားဖို့ ကြိုးစားလိမ့်မယ်။ ဟုတ်ပါတယ်၊ ဒဏ္ဍာရီလာ ကံကြမ္မာကတောင် လွန်လွန်ကဲကဲမလုပ်ရဲဘူး၊ ဒါက နင့်ကို အမြဲတမ်း အခွင့်အရေးပေးတယ်။ ဒါတောင် ဒီအခွင့်အရေးလေးကို ဆုပ်ကိုင်နိုင်ဖို့က လုံးဝခက်ခဲပါတယ်။ အင်ပါယာတွေ၊ မဟာနတ်ဘုရားတွေနဲ့ လောကအရှင်တွေ ဘယ်လောက်များများ ကျရှုံးခဲ့သလဲ"

ယန်ယဲ့ က "ကံတရားက တကယ်ရှိသလား" ဟု မေးလိုက်သည်။

ဓားစာလိပ် က "ဒီမေးခွန်းကို ငါ မဖြေနိုင်ပါဘူး။ ဒါပေမဲ့ စဉ်းစားကြည့်

လေ။ လူသားတွေနဲ့ အရာခပ်သိမ်းဟာ ဘာ့ကြောင့်များ သူတို့ရဲ့ သက်တမ်းတွေ ကုန်ဆုံးရတာလဲ။

လူသားတွေ ဘာကြောင့် အသက်ရှင်နေတာလဲ၊ ဘာလို့ သေဆုံးတာလဲ။ ဘာ့ကြောင့်များ အသက်ကြီးလာပြီး ဖျားနာရတာလဲ။ ဒါမှမဟုတ် ပိုရိုးရှင်းတဲ့မေးခွန်းတစ်ခုက ငါတို့ ဘာကြောင့်သေတာလဲ။ အဲဒါတွေအားလုံးကို ရှင်းပြနိုင်မလား"

ငါတို့ဘာကြောင့်သေတာလဲ ။

ယန်ယဲ့သည် ထိုအချက်ကိုတွေးမိပြီး အံ့သြသွားသည်။

လူတွေဘာကြောင့်သေတာလဲ။

သဘာဝတရားတစ်ခုလား။

သို့သော် သဘာဝတရားများကို မည်သူက သတ်မှတ်သနည်း။

ကံကြမ္မာ လား။

ဤလောကရှိ မည်သူမျှ ကံကြမ္မာကို မမြင်ဖူးသော်လည်း အဆင့်တစ်ခုသို့ ရောက်သွားပါက ကံကြမ္မာ၏ လျှို့ဝှက်ဆန်းကြယ်သော ဖြစ်တည်မှုကို ခံစားမိနိုင်သည်။ သူတို့ အားကောင်းလေလေ ကံတရား၏တည်ရှိမှုကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်လေလေပါ။

ဤအချိန်တွင် ဓားစာလိပ် က ဆက်ပြောပါသည် "လူတိုင်းဟာ အသက်ရှင်တယ်၊ သေဆုံးတယ်၊ အသက်ကြီးပြီးတော့ ဖျားနာတယ်။ ဒါပေမဲ့ လူတွေဟာ ကျင့်ကြံလာတာနဲ့အမျှ ဖျားနာမှုတွေ ရပ်တန့်သွားတဲ့အပြင် သေဆုံးခဲသွားပြီ။ တကယ်တော့ ကျင့်ကြံချင်း လမ်းကြောင်းထဲကို စပြီးခြေချလိုက်ကတည်းက ဒါဟာ နင့်ရဲ့ကံကြမ္မာကို ပြောင်းလဲဖို့ ကောင်းကင်ဘုံကို ဆန့်ကျင်လိုက်တဲ့လမ်းပါ။ ဒါမှမဟုတ် နင်က အသက်ရှင်ဖို့အတွက်

ကောင်းကင်ဘုံကို ဆန့်ကျင်နေတယ်လို့ ငါပြောသင့်တယ်။ နင်သေသင့်ပေမယ့် မသေချင်ဘူး ဆိုတော့ ကျင့်ကြံပြီး သက်တမ်းပိုတိုးတယ်။ ဒီအတိုင်းပဲ၊ ဒါဟာ နင်က ကံကြမ္မာနဲ့ သွယ်ဝိုက်ပြီး ပဋိပက္ခဖြစ်နေပြီ"

ဓားစာလိပ်က နှင်းပွင့်လေးရှေ့မှ ကျောက်စိမ်းပုလင်းကို စိုက်ကြည့်ကာ "အကြောင်းအရာကို ပြန်စကြရအောင်။ ထာဝရစွမ်းအင်က အဓိကအားဖြင့်တော့ စုပ်ယူလိုက်တာနဲ့ ခန္ဓာကိုယ်ကို တိုးတက်စေရုံတင်မကဘူး၊ နဂိုထက် အဆပေါင်းများစွာသန်မာလာစေနိုင်တယ်။ ဒ့ါအပြင် သက်တမ်းကို တိုးနိုင်တယ်၊ သက်တမ်းပိုရှည်မှပဲ ကျင့်ကြံခြင်းလမ်းကြောင်းကို အချိန်အကြာကြီးလျှောက်လှမ်းနိုင်မှာလေ။ လျှောက်လှမ်းနိုင်လေလေ ကံတရားလို့ ခေါ်တဲ့ တည်ရှိမှုရဲ့ အနီးနားကို ရောက်လေလေပါပဲ။ ကံကြမ္မာကို အနိုင်ယူနိုင်ရင် နင်က ထာဝရအသက်ရှင်နေနိုင်တယ်"

"အခုနားငါလည်ပြီ" ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "တကယ်တော့ မင်းဟာ ကျင့်ကြံလိုက် ကတည်းက ကံကြမ္မာကို ကျင့်ကြံနေတာပါပဲ။ ဒါမှမဟုတ် အသက်ပိုရှည်ဖို့ ကျင့်ကြံတယ်လို့ပြောရမယ်။ ထာဝရစွမ်းအင်က သက်တမ်းကို တိုးမြှင့်ပေးလို့ အဖိုးမဖြတ်နိုင်ဘူး၊ ဒီလိုမှပဲ မင်းလုပ်ချင်တဲ့ အရာအားလုံးကိုလုပ်ဆောင်နိုင်မှာပါ"

ဓားစာလိပ် က ပြုံးပြီး "နင်မှန်ပါတယ်"

သူမက နှင်းပွင့်ကို စိုက်ကြည့်ကာ "နင် အဲဒါကို စုပ်ယူချင်နေတာ ဟုတ်တယ်မလား"

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး ထာဝရစွမ်းအင်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ခေါင်းညိတ်ပြသည်။

ဓားစာလိပ် က "ဒါက နင့်အတွက် အရမ်းအသုံးဝင်သလို နင် ဝိညာဉ်ဖန်ဆင်းရှင် ဖြစ်လာဖို့တောင် မြန်မြန်ဆန်ဆန် ကူညီပေးနိုင်တယ်။ ဒါပေမဲ့

နင်ချက်ချင်း နိုးထလာခဲ့ရင် သူ့အတွက် မလွတ်မြောက်နိုင်တဲ့ ကပ်ဘေး တစ်ခု ဖြစ်လာလိမ့်မယ်။ ဒါ့အပြင် ဒီထာဝရ စွမ်းအင်ကြိုးမျှင်က နင့် အတွက် မရှိမဖြစ်လိုအပ်တယ်။ အနာဂတ်မှာ ဒါကို လိုချင်ရင် ပါးစပ်ကနေ ထုတ်ပြောလိုက်ရုံပါပဲ"

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း "ဒါပေမဲ့ နင့်အတွက်ကတော့ မတူဘူး။ ဒီထာဝရစွမ်းအင်ကြိုးမျှင်က နင့်အတွက် လုံးဝအထောက်အကူဖြစ်တယ်။ သူ့မှာ ကြီးကျယ်ခမ်းနားတဲ့ ကံကြမ္မာရှိလို့ နှင်းပွင့်လေးကို အရင်စုပ်ယူခိုင်း ဖို့မလိုပါဘူး။ ဒီထာဝရစွမ်းအင်က အဖိုးတန်ပေမယ့် အနာဂတ်မှာ သူမ အတွက် ရှားပါးနေမှာမဟုတ်ဘူး"

နှင်းပွင့်လေးက ထိုစကားကိုကြားသောအခါ ကျောက်စိမ်းဖြူပုလင်းကို ယန်ယဲ့ရှေ့ယူလာပါသည်။ သူမ၏မျက်နှာသေးသေးလေးမှာ ချစ်စဖွယ် အပြုံးတစ်ခုရှိနေလေသည်။

ယန်ယဲ့က သူ့နှလုံးသားထဲမှာ နွေးထွေးသွားသလို ခံစားလိုက်ရသည်။ သူက နှင်းပွင့်၏ခေါင်းလေးကို ပွတ်သပ်ပြီး "ထာဝရစွမ်းအင်ကို ငါကျင့်ကြံ ပြီးတာနဲ့ ငါ့ရဲ့ နှင်းခဲလေးက လိုချင်သလောက် ရနိုင်တယ်" ဟု ပြော ပါသည်။

နှင်းပွင့်၏အပြုံးလေးက ပိုတောက်ပလာသည်။

ယန်ယဲ့က ထာဝရစွမ်းအင်ကြိုးမျှင် ၇ ချောင်းကို မျိုချရန်ပြင်လိုက်သည်။ သို့သော် ဓားစာလိပ်က ရုတ်တရက် "နင် အခုမျိုချလိုက်ရင် အဆုံးမရှိတဲ့ ဒုက္ခကို ကိုယ်စားပြုတယ်။ နင်..."

ဤအချိန်တွင် ယန်ယဲ့သည် ဘာမှရှည်ရှည်ဝေးဝေးစဉ်းစားမနေဘဲ ထာဝရစွမ်းအင်ကို မျိုချလိုက်သည်။

ဓားစာလိပ်က ဘာဆက်ပြောရမှန်းမသိပေ။

ထာဝရစွမ်းအင် က ယန်ယဲ့၏မူလဒန်တျန်ထဲကို ချက်ချင်း စီးဝင်သွားသည်။

သို့သော် သူ့ခန္ဓာကိုယ်တစ်ဝိုက်တွင် မပျံ့လွင့်ဘဲ ငြိမ်သက်နေ၏။ ပတ်ဝန်းကျင်ရှိ မူလခရမ်းရောင်စွမ်းအင်နှင့် မူလဆန်းကြယ်စွမ်းအင်ဟာ ထာဝရစွမ်းအင် အနားကို မနီးကပ်ဝံ့ပေ။

ဓားစာလိပ်က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "နင် အချိန်ရတာနဲ့ ခန္ဓာကိုယ်အနှံ့

ပြန့်နှံ့သွားအောင် အစွမ်းကုန်ကြိုးစားပါ။ စစ်မှန်တဲ့ ထာဝရစွမ်းအင်ကို ကျင့်ကြံဖို့ဆိုရင် အဲဒါကို ဘယ်လိုလုပ်ရမလဲဆိုတာ ကိုယ့်ဘာသာကိုယ်တွေးကြည့်"

ယန်ယဲ့ က အံ့အားသင့်စွာဖြင့် ဓားစာလိပ်ကို စိုက်ကြည့်နေသည် "မင်းမသိဘူးလား"

ဓားစာလိပ် က "စစ်မှန်တဲ့ ထာဝရစွမ်းအင်ကို ငါတစ်ခါမှမမြင်ဖူးဘူး။ ဒါ့ကြောင့် နင်ကိုယ်တိုင်ပဲ ဖြည်းဖြည်းချင်း လေ့လာနိုင်တယ်"

ယန်ယဲ့က အံ့အားသင့်နေလေသည်။

ဓားစာလိပ်က ဆက်ပြောသည် "ဒီနဂါးဝိညာဉ်ပုလဲကိုပါ တစ်ခါတည်းမျိုချလိုက်"

ယန်ယဲ့က အံ့အားသင့်သွားပြီး နဂါးဝိညာဉ်ပုလဲကို ထုတ်ယူလိုက်သည်။

ဤအတောအတွင်း ဓားစာလိပ် က တိုးတိုးလေးပြောခဲ့သည် "မျိုချလိုက်ပါ၊ နင့်ရဲ့ ကျင့်ကြံမှုအဆင့်က ဟင်းလင်းပြင်နတ်ဘုရားအဆင့် ကိုရောက်သင့်နေပြီ။ ဒါ့အပြင် နင်က မူလနဂါးရဲ့စွမ်းအားကိုတောင် ရရှိနိုင်လိ

မ့်မယ်။ ဒါဆို နင့်ခွန်အားက အဆင့်တစ်ဆင့် တက်လာလိမ့်မယ်"

ဤအချိန်တွင် ဓားစာလိပ်၏ မျက်လုံးထဲ၌ ရှုပ်ထွေးသော ခံစားချက်များ တဖျပ်ဖျပ် ပေါ်လာသည်။ ဤအရာသည် စစ်မှန်သောမူလရတနာဖြစ်သည်။ အကန့်အသတ်ချိုးဖျက်နယ်ပယ် များပင် ၎င်းတို့ကို မြင်ပါက ချက်ချင်း လုယက်ပါလိမ့်မည်။ နဂါးဝိညာဉ်ပုလဲသည် မူလနဂါး၏စွမ်းအင်နှင့် မူလ အနှစ်သာရတို့ ပေါင်းစပ်ထားရာမှ ဖြစ်ပေါ်လာသည်။ ၎င်းအတွင်းမှ ပါ သော စွမ်းအင်သည် တိုင်းတာ၍မရပေ။

ဤအချိန်တွင် မူလနဂါးလေးက ယန်ယဲ့ကို ဒေါသတကြီး ဟိန်းဟောက် ကာ နဂါးဝိညာဉ်ပုလဲကို လုယူရန်ပြင်လိုက်သည်။ သို့သော် နှင်းပွင့်လေးက မူလနဂါးလေး၏ လည်ချောင်းမှတဆင့် ဖမ်းဆုပ်ထားလိုက်သည်။ ထို့နောက် မူလဖန်ဆင်းခြင်း ရှေးဦးပုဆိန်ကို နဂါးဝမ်းဗိုက်ပေါ်တင်ကာ ချိန်ရွယ်ထားလေသည်။

မူလနဂါးလေး၏မျက်လုံးထဲမှ ကြောက်စိတ်များဖြင့် ချက်ချင်းပင် သတိလစ်သွားလေတော့သည်။

ဤအချိန်တွင် ဓားစာလိပ် က သတိလစ်နေသော မူလနဂါးကို စိုက်ကြည့် ကာ သက်ပြင်းချရင်း "နင်က အရမ်း ကံကောင်းတာ"

***